# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၁/၉၀)

၁၃၅၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မြို့နယ်အသင်း** ဆိုသည်မှာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကို ဆိုသည်၊

(ခ) **အသင်းခွဲ** ဆိုသည်မှာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲကို ဆိုသည်၊

(ဂ) **အသင်းသား** ဆိုသည်မှာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ အသင်းသားများကို ဆိုသည်။

## အခန်း (၂)
## အသင်း၏ ရည်ရွယ်ချက်များ

၃။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည် -

(က) မြန်မာနိုင်ငံတစ်ဝှန်းလုံးရှိ မိခင်နှင့် ကလေးများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ အမြဲတမ်းအဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းရန်၊

(ခ) တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းနှင့် အသင်းခွဲများအား မိခင်နှင့် ကလေးကျန်းမာရေး၊ စောင့်ရှောက်ရေးအခြေခံပညာရပ်များကို စည်းရုံးဖြန့်ဖြူးပေးရန်၊

(ဂ) တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့် အသင်းခွဲများအား ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများပေးရန်၊

(ဃ) ပြည်သူများအား လိုအပ်သည့်အခါ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများပေးရန်၊

(င) မြို့နယ်အသင်းများနှင့် အသင်းခွဲများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ ချောမောအဆင်ပြေစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။

## အခန်း (၃)
## ဖွဲ့စည်းခြင်း

၄။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးဆိုင်ရာ အသင်းများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊

(ခ) မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊

(ဂ) မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ။

၅။ အသင်းခွဲကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ မြို့နယ်အသင်း၏ သဘောတူညီချက်ဖြင့်သာ ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ဗဟိုကောင်စီလည်း ဖြစ်သည်။

၇။ ကျန်းမာရေးဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေလျက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးရမည် -

(က) အစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် (၁) ဦး ဥက္ကဋ္ဌ

(ခ) အစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် (၁၂) ဦး အဖွဲ့ဝင်

(ဂ) ပြည်နယ်/တိုင်းအသီးသီးမှ ကိုယ်စားလှယ်တစ်ဦးကျစီ၊ ပေါင်း (၁၄) ဦး အဖွဲ့ဝင်

(ဃ) မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ ကိုယ်စားလှယ် (၂) ဦး အဖွဲ့ဝင်

(င) မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ် (၂) ဦး အဖွဲ့ဝင်

(စ) မြန်မာနိုင်ငံ သူနာပြုများအသင်းမှ ကိုယ်စားလှယ် (၂) ဦး အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်

(ဇ) ကျန်းမာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်ထားသော စေတနာ့ ဝန်ထမ်းလုပ်ငန်းများကို စိတ်ပါဝင်စားသူပုဂ္ဂိုလ် (၅) ဦး အဖွဲ့ဝင်

၈။ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၉။ ဗဟိုကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ပုဒ်မ ၈ ပါ ပုဂ္ဂိုလ်များနှင့် ဗဟိုကောင်စီဝင်များက ရွေးကောက်တင်မြှောက်သော အမှုဆောင်အဖွဲ့ဝင် သုံးဦးတို့ဖြင့် ဖွဲ့စည်းရမည်။

၁၀။ ဗဟိုကောင်စီသည် အမှုဆောင်အဖွဲ့ ဖွဲ့စည်းပြီးနောက် ဂုဏ်ထူးဆောင် ဗဟိုကောင်စီဝင်ဦးရေးကို သတ်မှတ်ခြင်းနှင့် ရွေးချယ်ခန့်ထားခြင်း ပြုလုပ်နိုင်သည်။

၁၁။ ဗဟိုကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ်ခေါ်ယူကျင်းပရမည်။ လိုအပ်ပါက မည်သည့်အချိန်တွင်မဆို အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

၁၂။ ကျန်းမာရေးဝန်ကြီးဌာနသည် ပထမအကြိမ် ဗဟိုကောင်စီအစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

၁၃။ မြို့နယ်အသင်းများ၊ အသင်းခွဲများ၏ အမှုဆောင်အဖွဲ့ဖွဲ့စည်းပုံကို ယင်းအသင်းများ၊ အသင်းခွဲများက သင့်လျော်သလို သတ်မှတ်နိုင်ခွင့်ရှိသည်။

၁၄။ မြို့နယ်အသင်းများ၊ အသင်းခွဲ၏ အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ယင်းအသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့ဝင်များက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၁၅။ မြို့နယ်အသင်း၏ အမှုဆောင်အဖွဲ့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးအား အတိုင်ပင်ခံအရာရှိအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်။

၁၆။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့သက်တမ်းသည် ၄ နှစ်ဖြစ်သည်။

၁၇။ မြို့နယ်အသင်းနှင့် အသင်းခွဲတို့သည် နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ်ကျင်းပရမည်။ လိုအပ်ပါက မည်သည့်အချိန်တွင်မဆို အထူးအစည်းအဝေးများကို ကျင်းပနိုင်သည်။ ယင်းအစည်းအဝေးတွင် လစ်လပ်လျက်ရှိသော အမှုဆောင်အဖွဲ့ဝင်နေရာများကို အစားထိုးခန့်ထားနိုင်သည်။

၁၈။ ဗဟိုကောင်စီဝင်များ၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့ဝင်များသည် ပါတီ၊ နိုင်ငံရေးကင်းရှင်းသူများ ဖြစ်ရမည့်အပြင် နိုင်ငံသားများလည်း ဖြစ်ရမည်။

၁၉။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့်အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့များသည် သတ်မှတ်ထားသည့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၄)
## အသင်းသားဖြစ်ခြင်း၊ အသင်းသားအဖြစ်မှ ရပ်စဲခြင်း

၂၀။ မြို့နယ်အသင်းနှင့် အသင်းခွဲတွင် အောက်ပါအတိုင်း အသင်းသားအမျိုးအစားများ ခွဲခြားသတ်မှတ်ထားရှိသည် -

(က) သာမန်အသင်းသား၊

(ခ) ရာသက်ပန်အသင်းသား၊

(ဂ) ဂုဏ်ထူးဆောင်အသင်းသား။

၂၁။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲတွင် အသင်းသားအဖြစ် ပါဝင်ရန် လျှောက်ထားနိုင်သည် -

(က) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ခ) ရှူးသွပ်သူမဟုတ်ခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) ဝင်ကြေး၊ လစဉ်ကြေး၊ နှစ်စဉ်ကြေး ပေးဆောင်နိုင်သူဖြစ်ခြင်း။

၂၂။ အသင်းသားအဖြစ် လက်ခံခြင်း၊ ဝင်ကြေး၊ လစဉ်ကြေး၊ နှစ်စဉ်ကြေး၊ ရာသက်ပန်ကြေးတို့နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၂၃။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် အသင်းသားအဖြစ်မှ ရပ်စဲခြင်းခံရမည် -

(က) ဗဟိုကောင်စီက သတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ခ) ဗဟိုကောင်စီ၊ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲပိုင် ငွေ သို့မဟုတ် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊

(ဂ) ဗဟိုကောင်စီ၊ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲ၏ လုပ်ငန်းများကို ဟန့်တားခြင်း၊ ဖျက်သိမ်းခြင်း၊ နှောင့်ယှက်ခြင်း၊ ဗဟိုကောင်စီ သို့မဟုတ်

သက်ဆိုင်ရာ အမှုဆောင်အဖွဲ့၏ဂုဏ်သိက္ခာကို ထိခိုက်စေရန် ပြုမူဆောင်ရွက်ခြင်း။

၂၄။ အသင်းသားဖြစ်ခြင်းနှင့် အသင်းသားအဖြစ်မှ ရပ်စဲခြင်းကို သက်ဆိုင်ရာ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲ၏ အမှုဆောင်အဖွဲ့က ဆုံးဖြတ်ရမည်။

၂၅။ ပုဒ်မ ၂၄ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကောင်စီသို့ အယူခံနိုင်သည်။

၂၆။ ပုဒ်မ ၂၅ အရ အယူခံသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဗဟိုကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၅)
## တာဝန်နှင့် လုပ်ပိုင်ခွင့်

၂၇။ ဗဟိုကောင်စီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မိမိ၏ အမှုဆောင်အဖွဲ့ကို ရွေးကောက်တင်မြှောက်ခြင်း၊

(ခ) အသင်းသားများလိုက်နာရမည့် စည်းကမ်းများနှင့် ကျင့်ဝတ်များကို သတ်မှတ်ခြင်း၊

(ဂ) မြို့နယ်အသင်းများနှင့် အသင်းခွဲများက ဆောင်ရွက်ရမည့် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(ဃ) ကျန်းမာရေးဝန်ကြီးဌာနက ခွင့်ပြုသော ဝန်ထမ်းဦးရေနှင့် သတ်မှတ်သော လစာနှုန်းများအရ ကောင်စီ၏ ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်း၊

(င) မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၏ကိုယ်စား ပဋိညာဉ်များ၊ သဘောတူစာချုပ်များ ချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(စ) အကျိုးတူ၊ ရည်ရွယ်ချက်တူလုပ်ငန်းများကို ဆောင်ရွက်ကြသည့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရရှိသည့် ရန်ပုံငွေများနှင့် ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုခြင်း၊

(ဆ) မိခင်နှင့် ကလေး စောင့်ရှောက်ရေးနှင့် သက်ဆိုင်သော အခြားကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၂၈။ ဗဟိုကောင်စီသည် ပုဒ်မ ၂၅ အရ တင်သွင်းလာသော အယူခံမှုများကို ဆုံးဖြတ်ရမည်။

၂၉။ ဗဟိုကောင်စီ၏ အမှုဆောင်အဖွဲ့သည် -

(က) ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် ပုံမှန်အစည်းအဝေးများ ကျင်းပချိန်မဟုတ်သည့်အခါ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ ပါ ဗဟိုကောင်စီ၏ တာဝန်ဝတ္တရားများကို တာဝန်ခံဆောင်ရွက်ရမည်။ ယင်းဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ဗဟိုကောင်စီအစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ဗဟိုကောင်စီက ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ဂ) မြို့နယ်အသင်းများနှင့် အသင်းခွဲများ၏ လုပ်ငန်းများကို အထောက်အကူပြုရမည်။

(ဃ) ဗဟိုကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၆)

## ဘဏ္ဍာရေး

၃၀။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီးသည် -

(က) မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်၊

(ခ) ရငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရမည်။ ဘဏ်ရှိ ငွေများကို မိခင်နှင့် ကလေး စောင့်ရှောက်ရေးလုပ်ငန်းများအတွက် လိုအပ်ပါက သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားအောင် ငွေစုလက်မှတ်ဝယ်ယူနိုင်သည်။

(ဂ) ငွေစာရင်းများကို စနစ်တကျထားရှိခြင်းနှင့် ထိန်းသိမ်းခြင်းပြုရမည်၊

(ဃ) ရန်ပုံငွေရှာဖွေခြင်း၊ ငွေကြေးသုံးစွဲခြင်း၊ သုံးစွဲခွင့်ရယူခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(င) ဘဏ္ဍာရေးနှစ်အတွင်း ရငွေသုံးငွေစာရင်းများကို အကျိုးဆောင်စာရင်းစစ်အား စစ်ဆေးစေခြင်း၊ စာရင်းရှင်းတမ်းကို ရေးဆွဲပြုစုစေခြင်း ပြုရမည်။

၃၀။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ စာရင်းများထားရှိခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာ စာရင်းရုံး၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၃၂။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ ဘဏ္ဍာရေးနှစ်သည် အစိုးရ၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်သည်။

## အခန်း (၇)

## အထွေထွေ

၃၃။ ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့မှအပ ယင်းအသင်းများ၏ အမည်ကိုသော်လည်းကောင်း၊ အလားတူ အမည်ကိုသော်လည်းကောင်း သုံးစွဲ၍ အသင်းအဖွဲ့များကို ဖွဲ့စည်းခြင်း မပြုရ။

၃၄။ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီးသည် ကိုယ်ပိုင်အမည်၊ တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့် ရှိစေရမည်။

၃၅။ အသင်းသားတို့လိုက်နာရမည့် စည်းကမ်းများနှင့် ကျင့်ဝတ်များသည်လည်းကောင်း၊ စည်းကမ်းနှင့် ကျင့်ဝတ်ဖောက်ဖျက်သူ အသင်းသားများအား စုံစမ်းအရေးယူခြင်းဆိုင်ရာ ကိစ္စများသည်လည်းကောင်း ဗဟိုကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၃၆။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စအတွက် ဗဟိုကောင်စီဝင်များကို လည်းကောင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့ဝင်များကိုလည်းကောင်း တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

၃၇။ ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပြီးကြောင်း တင်ပြထားသည့် မြို့နယ်အသင်းနှင့် အသင်းခွဲတို့သည် ဤဥပဒေအရ ဖွဲ့စည်းသည့် မြို့နယ်အသင်းနှင့် အသင်းခွဲများဖြစ်သည်ဟု ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် မှတ်ယူရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဗဟိုကောင်စီသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။